# NEWS RELEASE

## သတင်းထုတ်ပြန်ချက်

## မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲလေ့လာရေးမစ်ရှင် ကာတာစင်တာ စတင်

အတ္တလန်တာ (စက်တင်ဘာ ၁၈၊ ၂၀၂၀) — ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အသိအမှတ်ပြုလွှာကို ရရှိပြီးနောက် မြန်မာနိုင်ငံတွင် နိုဝင်ဘာလ ၈ ရက်နေ့၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအား လေ့လာမည့် နိုင်ငံတကာရွေးကောက်ပွဲ လေ့လာရေးမစ်ရှင်တစ်ခုကို ကာတာစင်တာက စတင်နေပြီ ဖြစ်သည်။

Sean Dunne ဦးဆောင်သော ရွေးကောက်ပွဲလေ့လာရေးမစ်ရှင်ကို ကျွမ်းကျင်ပညာရှင်ခြောက်ဦး ပါဝင်သော ပင်မအဖွဲ့နှင့် ကာလရှည်ရွေးကောက်ပွဲလေ့လာသူ (၂၄) ဦးတို့ဖြင့် ဖွဲ့စည်းထားသည်။ COVID-19ရောဂါဆိုင်ရာ ခရီးသွားလာရေး ကန့်သတ်ချက်များကြောင့် ဖြစ်ပေါ်လာသော ထူးခြားသည့် အခြေအနေများအရ လက်ရှိအချိန်တွင် ပင်မအဖွဲ့ဝင် ကျွမ်းကျင်ပညာရှင်များမှာ ရပ်ဝေးမှသာ လုပ်ငန်းလုပ်ဆောင်နေပြီး ကာလရှည်ရွေးကောက်ပွဲလေ့လာသူများအဖြစ် မြန်မာနိုင်ငံသားများက တာဝန်ထမ်းဆောင်ကြပါမည်။ ကာလရှည်ရွေးကောက်ပွဲလေ့လာသူများ၏ ရွေးကောက်ပွဲလေ့လာခြင်းနှင့် အစီရင်ခံခြင်း လုပ်ငန်းများကို နိုင်ငံတကာ ပင်မအဖွဲ့ ကျွမ်းကျင်ပညာရှင်များက ကြီးကြပ် စီမံခန့်ခွဲကြပါမည်။

COVID-19ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ကာလရှည်ရွေးကောက်ပွဲလေ့လာသူ နှစ်ယောက်စီ ပါဝင်သော အဖွဲ့များအဖြစ် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ပြီး နောက်ထပ်ဆန်းစစ်လေ့လာမှုများအတွက် ဒေတာအချက်အလက်များကို ကောက်ယူစုဆောင်းပါမည်။ အဖွဲ့ဝင်များသည် COVID-19ရောဂါဆိုင်ရာ အမျိုးသားအဆင့် စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များကို လိုက်နာပြီး ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်တွင်းရွေးကောက်ပွဲလေ့လာရေးအဖွဲ့များ၊ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် မီဒီယာများ အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ အဓိကဆက်စပ်ပတ်သက်ပါဝင်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

မစ်ရှင်သည် ရွေးကောက်ပွဲဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ နိုင်ငံရေးရပ်ဝန်း၏ ရိုးသားပွင့်လင်းမှု၊ အမျိုးသမီးများနှင့် တိုင်းရင်းသားလူနည်းစုများ၏ ပါဝင်မှု၊ ဆိုရှယ်မီဒီယာ၊ ရွေးကောက်ပွဲဖြစ်စဉ်အပေါ် COVID-19 ရောဂါ၏ သက်ရောက်မှုနှင့် အခြားအရေးကြီးကိစ္စရပ်များအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ ပတ်ဝန်းကျင်တို့ကို အကဲဖြတ်မည်

ဖြစ်သည်။ ခရီးသွားလာရေးနှင့် လုံခြုံရေး အခြေအနေများက ခွင့်ပြုပါက ဆန္ဒမဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်စာရင်းသွင်းခြင်း ဖြစ်စဉ်တို့ကို အကဲဖြတ်ရာတွင် ကူညီပေးမည့် ကာလတိုရွေးကောက်ပွဲလေ့လာသူများကိုလည်း မစ်ရှင်အတွက် ပူးတွဲ တာဝန်ပေး မည်ဖြစ်သည်။

ကာတာစင်တာသည် ဒေသတွင်းဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များတွင် ချမှတ်တင်ပြထားသော ဒီမိုကရေစီ နည်းကျ ရွေးကောက်ပွဲများအတွက် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့်ဥပဒေမူဘောင်နှင့် အခြေခံမူများအား အခြေခံထား၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အကဲဖြတ်မည် ဖြစ်သည်။ ကာတာစင်တာသည် ယခင် ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည့် အထွေထွေ ရွေးကောက်ပွဲကိုလည်း လေ့လာခဲ့ပြီး ဖြစ်သည်။ ကာတာစင်တာသည် နိုင်ငံပေါင်း (၃၉) နိုင်ငံတွင် ရွေးကောက်ပွဲပေါင်း (၁၁၁)ခုကို စောင့်ကြည့်လေ့လာခဲ့ပြီး ရွေးကောက်ပွဲလေ့လာရေးမစ်ရှင်များကိုလည်း နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးအတွက် ကြေညာ ချက် အခြေခံမူများနှင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များနှင့်အညီ လုပ်ဆောင်ခဲ့ပါသည်။

###

ဆက်သွယ်ရန်။ အတ္တလန်တာတွင် Soyia Ellison, soyia.ellison@cartercenter.org

မြန်မာနိုင်ငံတွင် Sean Dunne, sean.dunne@cartercenter.org

## ကာတာစင်တာ

*ငြိမ်းချမ်းရေးကို တိုးမြှင့်ခြင်း၊ ရောဂါဘယ တိုက်ဖျက်ခြင်း၊ မျှော်လင့်ချက်ကို တည်ဆောက်ခြင်း*

*ကာတာစင်တာသည် အကျိုးအမြတ်မယူသော၊ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး ပဋိပက္ခများကို ဖြေရှင်းခြင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ တိုးမြှင့်စေခြင်း၊ ရောဂါဘယများကို ကာကွယ်တားဆီးခြင်းနှင့် စိတ်ကျန်းမာရေး ပြုစုစောင့်ရှောက်မှု တိုးမြှင့်စေခြင်းတို့ဖြင့် နိုင်ငံပေါင်း ၈၀ ကျော်မှ လူများ၏ ဘဝ တိုးတက်စေရန် ကူညီပေးခဲ့ပြီး ဖြစ်သည်။ ကာတာစင်တာကို အမေရိကန်သမ္မတဟောင်း Jimmy Carterနှင့် သမ္မတကတော်ဟောင်း Rosalynn Carter တို့မှ ၁၉၈၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကမ္ဘာတစ်လွှားတွင် ငြိမ်းချမ်းရေးနှင့် ကျန်းမာရေး တိုးမြှင့်ခြင်းတို့ကို မိတ်ဖက်ဖြစ်သော Emory Universityနှင့်အတူ ဆောင်ရွက်နေပါသည်။*

ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုရန် [CarterCenter.org](CarterCenter.org) | ကျွန်ုပ်တို့အကြောင်းကို Twitterတွင် ကြည့်ရှုရန် [@CarterCenter](@CarterCenter) | ကျွန်ုပ်တို့အကြောင်းကို Instagram တွင် ကြည့်ရှုရန် [@thecartercenter](@thecartercenter) | ကျွန်ုပ်တို့ကို Facebook တွင် Like လုပ်ထားရန် [Facebook.com/CarterCenter](Facebook.com/CarterCenter) | ကျွန်ုပ်တို့အကြောင်းကို YouTube တွင် ကြည့်ရှုရန် [YouTube.com/CarterCenter](YouTube.com/CarterCenter)